| A bank<br>standing with you | Issue Date : June 2020<br>Effective Date : July 2020 |
|---|---|
| **EQUAL OPPORTUNITIES POLICY** | APPROVED BY HR |

## Equal Opportunities Policies/ Diversity

ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်သည် နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းများအား အထောက်အကူပြုရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံတဝှမ်းလုံးရှိ ပြည်သူများအား ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများပေးနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်ပြီး စီးပွားရေးဆိုင်ရာ အချက်အခြာကျသည့်မြို့ကြီးများတွင် ဘဏ်ခွဲများဖွင့်လှစ်ထားပြီး ဆက်လက်၍လည်း ဘဏ်ခွဲသစ်များ ဖွင့်လှစ်ရန် စီစဉ်ထားပါသည်။

လိုအပ်သည့်ရာထူးနေရာများခန့်ထားရာတွင် လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ၊ ဒေသစသည်တို့ကို ခွဲခြားခြင်းမရှိဘဲ လူတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှု၊ လုပ်ကိုင်နိုင်စွမ်းကိုသာ အခြေခံပြီး ဝန်ထမ်းခန့်ထားရန် ဝန်ထမ်းရွေးချယ်ခြင်းဆိုင်ရာမူတစ်ရပ်အဖြစ် သတ်မှတ်ထားရှိပါသည်။

လုပ်ငန်းခွင်တွင်လည်း ခွဲခြားဆက်ဆံခြင်းမရှိသည့်အပြင် ဝန်ထမ်းများရာထူးတိုးမြှင့်ပေးရာတွင်လည်း မူ တစ်ရပ်ချမှတ်ထားပြီး ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်တွင် ခွဲခြားဆက်ဆံမှုများရှိကြောင်း တွေ့ရှိပါက မည်သည့်ဝန်ထမ်းမဆို မိမိ၏နစ်နာမှုများအား တိုင်ကြားနိုင်ရန် Grievance Policy ကို ထုတ်ပြန်ထားပြီး ခွဲခြားဆက်ဆံမှုပြုလုပ်သည့် ဝန်ထမ်းအား ထိရောက်စွာအရေးယူနိုင်ရန် ဆောင်ရွက်ထားပါသည်။မတူညီကွဲပြားမှုများမှ ထွက်ပေါ်လာသည့် မတူကွဲပြားသည့်စွမ်းဆောင်ရည်များကို စုစည်းပြီး ရေရှည်တည်တံ့သည့်ဘဏ်တစ်ခုအဖြစ် တည်ဆောက်ရန် ရည်ရွယ်ထားပါသည်။